စိတ်ကူးချိုချိုအနုပညာ


# သော်တာဆွေ

## ဝိုးဓ
## ချစ်သောသိဂိ



မြိုင်လည်ရိုက်နှိပ်ခြင်း

mgyoe.com


ဒေါက်တာခေဆွေ
ချစ်သောသီးဂီ
ချစ်သူထံ လာခဲ့ပေါ့
ညာနွဲ့ကြော့ ဒါလီရေ
စာဖွဲ့တော့ ကြာရှည်မလေ
နာရီတွေ လွန်နေး
ချိန်းဆိုတဲ့ နေရာမှာ
ရွှေကညာ ဆီးကြိုတော့လေး . . .
mgyoe.com
TTS0040
1,700.00 KS

mgyoe.com

ချစ်သောသိင်္ဂီ၊ သော်တာဆွေ
စာမျက်နှာ ၁၁၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၂၀၀၃ လေယျာမြေစာပေတိုက်၏ဒုတိယအကြိမ်စာစုမှ။

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ချစ်သောသိင်္ဂီ

## သော်တာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း (၁)

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ကြုံတွေ့ရတော့မည်ဆိုလျှင် ကြို တင်မှန်းဆထားသည့်အရာပင် ရုတ်တရက် လွဲချော်သွားတတ်လေသည်။ သို့သော် ဖြစ်ပေါ်ရမည့် ကိစ္စအတွက် အချက်ပြသော ရှေ့ပြေးနိမိတ်ကား အမှတ်မထင် ပေါ်လာတတ်၍ ဖြစ်ပျက်ပြီးမှ သတိရနိုင်ပေ၏။

၁၉၄၉–ခု၊ စက်တင်ဘာလ ၂၄–ရက်။

ထိုနေ့ နံနက်၌ ကျွန်တော်သည် သန်လျင်သို့သွား၍ သီတင်းတစ်ပတ်မျှ နေမည် ဖြစ်သောကြောင့် အဝတ်အစားနှင့် စာအုပ်၊ စက္ကူများကို လွယ်အိတ် တစ်လုံးတွင် အဆင်သင့်အောင် ဖိနှိပ်ထိုးသွင်းနေစဉ် ကျွန်တော့်မိတ်ဆွေ စာရေးမကလေး မနန်းထွေးသည် ကျွန်တော့်အနီးသို့ ရောက်လာကာ ...

"ဘယ်တုံး ကိုသော်တာဆွေ ... သန်လျင်ကျွန်းက ခင်နွန်းဆီ သွားမလို့ လား၊ ဟင် ... ရှပ်အင်္ကျီကြီးကလည်း နွမ်းကြေနေလိုက်တာ၊ ဒီလို ဘန် ကောက်လုံချည်အသစ် ဝတ်ရင် ရှင့်အင်္ကျီ ပင်မင်းပေးပြီးသားကို ဝတ်ပါ ကိုသော်တာဆွေရဲ့"

မနန်းထွေးမှာ အဝတ်အစား အပြင်အဆင်တွင် သူ့ကိုယ်ပင်သူ ဂရုစိုက် တတ်လှရုံမက အခြားသူများကိုပါ စူးစမ်းသော မျက်စိရှိသူဖြစ်၍ ကျွန်တော့် ကိုမူ အစ်ကိုကဲ့သို့ သဘောထားနှင့် မကြာခဏပင် ဤသို့နှင်နှင် ပြောလေ့

mgyoe.com

ရှိပါသည်။ ယခု သူပြောသည်မှာလည်း ဟုတ်မှန်ပါသည်။

ကျွန်တော့်ရုပ်မှာ မနေ့ကပင် ဝတ်ထားသည်ဖြစ်၍ ခေါက်ရိုးများ နွမ်းကြေနေလေပြီ။ သို့သော် ကျွန်တော့်မှာ သည့်ထက်လတ်တာ ဝတ်စရာ မရှိတော့။ နောက် လေးငါးရက်လောက်ကပင် ပင်မင်းပေးထားသော အင်္ကျီများလည်း မိုးဆက်ရွာနေသဖြင့် မပြီးသေးဟု ပြောလိုက်ပါသည်။

ထို့ကြောင့် ...

"အထွေးပြောတာ ဟုတ်ပါတယ်ကွယ်၊ ဒါပေမဲ့ အပေါ်အင်္ကျီ ထပ်ဝတ်ဦးမှာပဲ"

"အို ... အပေါ်အင်္ကျီ ဝတ်တော့ကော လည်ပင်းနဲ့ ရင်ဘတ်က ပေါ်နေဦးမှာ၊ ကြည့်မကောင်းပါဘူး၊ ဝတ်ပါ ဒီပြင်ရုပ်ကို ... ဘာလို့လဲ ချွတ်ပြီး လဲရမှာ ပျင်းလို့လား"

ဆတ်ကော့လတ်ကော့နှင့် စိတ်ပါလက်ပါ တိုက်တွန်းပါသည်။

"မဟုတ်ပါဘူး ... အထွေးရဲ့၊ ဝတ်စရာကို ပင်မင်းပေးပြီးသား မရှိတော့လို့ ..."

"အို ... ဒါဖြင့် ဒီအင်္ကျီကတော့ ဘာလုပ်ဖို့ထားတာလဲ"

အထွေးသည် ပြောပြောဆိုဆိုနှင့် ကျွန်တော့် သံသေတ္တာထဲက အောက်ဆုံး၌ ထားသော ရုပ်အင်္ကျီလေးကို ဆွဲထုတ်လိုက်ပြီး ...

"ဒီ ရုပ်အပြာနုရောင်ကလေးနဲ့ ... အခု ကိုသော်တာဆွေ ခါးက ဘန်ကောက်လုံချည် မီးခိုးရောင်နဲ့ဆို ဘယ်လောက်လိုက်သလဲ"

ဟုတ်ပါ၏။

သို့သော် ... ဒီ 'ရုပ်အင်္ကျီကလေး' ...

ဒီရုပ်အင်္ကျီကလေးကို ယခု အထွေးက ကိုင်ပြလိုက်မှပင် ... "ဝတ်ဆင်ရသော အရာဝတ္ထု" ဖြစ်မှန်း ကျွန်တော် သတိရတော့သည်။ သူ ကျွန်တော့် သေတ္တာထဲမှာ မရွေ့မလျား နေခဲ့သည်မှာ အနှစ်နှစ် ကြာခဲ့ပေပြီ။ သူ့ကို ကျွန်တော် မြင်ပါလျက်နှင့် အသုံးပြုရန် မေ့လျော့နေသည်ကိုပင် ထောက်ချင့်ပါတော့။ သူ့တွင် ကျွန်တော်၏ စာအုပ်ဟောင်းကြီးတစ်ခု ဖွဲ့နွဲ့ဖွဲ့ကပ်နေခဲ့သည်။

သို့သော် ဤစာအုပ်ကြီးကား ကာလကြာမြင့်လှသဖြင့် အပိုင်းပိုင်းအစစ ဆွေးမြည့်ပြတ်သတ်ခဲ့ပြီ။

mgyoe.com

ယခု အထွေးက အမှတ်မထင် ကိုင်ပြလိုက်သည်၌လည်း အစအနများသည် ကျွန်တော့်အာရုံပြင်၌ တင်၍မရတော့။ မှုန်မှုန်မှေးမှေး ဆွေးမြည့်လွန်းအားကြီးနေချေပြီ။ ဟိုတုန်းကဖြင့် ထိလိုက်တိုင်း အရာထင်လို့ ... သိပ်ဖတ်ကောင်းခဲ့တဲ့ စာအုပ်။ သိပ်စွဲခဲ့တဲ့ စာအုပ်ကြီးပေါ့။

ယခုတော့ဖြင့် အရသာ မပေါ်တော့ပါ။ သို့သော် "ရွှေယုန်နဲ့ ရွှေကျားသက်ငယ်ရိတ်သွား" ဆိုသကဲ့သို့ကား ရေးရေးထင်ထင် မြင်မိပါသေး၏။ ထို့ကြောင့် ခပ်ပြုံးပြုံးကလေး ရွှင်လိုက်ပြီး ...

"အင်း ... အထွေးပြောမှ ဒီအင်္ကျီ သတိရတော့တာပဲ၊ ဒါထက် အထွေး အဲဒီ အင်္ကျီဖျဉ်ကို သေသေချာချာ ကြည့်စမ်းကွဲ့ အပြာနုရောင်ပြင်ပြင် သက်သက်ပဲ ဟုတ်ကဲ့လား"

အထွေးသည် မျက်စိနှင့် ကပ်ကြည့်လိုက်ပြီး ...

"ဟင် ... မဟုတ်ဘူး ... စာကလေးတွေနဲ့ ... ဩော် ... 'ချစ်မေတ္တာ ... ချစ်မေတ္တာ ... ဆိုတဲ့ စာကလေးတွေပါလား ... ဒီဖျဉ်မျိုးက ဘယ်တုန်းက ပေါ်တာပါလိမ့် ..."

"အထွေး ဘယ်သိလိမ့်မလဲကွယ် ... (၁၉၃၅–၃၆) ခုနှစ်တုန်းက ဆိုတော့ အထွေးက နှစ်ခါလည်၊ သုံးခါလည် သမီးလောက် ရှိဦးမယ်၊ ကိုယ်ကတော့ ၁၅ နှစ်, ၁၆ နှစ်ထဲ ရောက်နေပြီ"

"နို့ ... ဘာကြောင့် ဒီလောက်ကြာ မဝတ်ဘဲ ထားရတာလဲ"

"အထွေး ... အဲဒီအင်္ကျီဖြန့်ပြီး ဘယ်ဘက်လက်မောင်းက တံတောင်ဆစ်ကွေးနေရာ ကြည့်စမ်း ..."

အထွေးသည် ကျွန်တော်ပြောသောနေရာကို ဖြန့်၍ ကြည့်လိုက်ရာ ညိုညိုမည်းမည်း အကွက်၌ အစက်အစကလေးတွေ လေးငါးခု ပေါ်လာ၏။

"အဲဒီ အစွန်းအကွက်ကလေးတွေကြောင့် မဝတ်ဘဲ ထားခဲ့တာပဲ အထွေးရဲ့"

အထွေးသည် ရိုးရိုးပင် တွေးကာ ...

"အမလေး ... ကိုသန့်ကြီးနှယ် ဒါတော့ မဝတ်ဘူး၊ မနေ့ကဝတ်ပြီးလို့လည်ပင်းနဲ့ လက်ဖျားမှာ ကြေးတင်နေတာတော့ ဝတ်သတဲ့"

"မဟုတ်ပါဘူး အထွေးရဲ့၊ အကြောင်းရှိလို့၊ ဒါပေမဲ့ အစိပ္ပာယ်မရှိတော့

mgyoe.com


ပါဘူးလေ၊ အခု ဝတ်ပါတော့မယ်၊ ပေး ... ပေး"

ကျွန်တော်သည် ခါးကအင်္ကျီကိုချွတ်၍ ဤအင်္ကျီကို ဝတ်လိုက်ပါသည်။ အထွေးသည် ချွတ်လိုက်သော အင်္ကျီမှ ကြယ်သီးတို့ကို ဖြုတ်ရင်း ...

"ဟို ... ၁၅ နှစ်သားတုန်းက အင်္ကျီက အခုဝတ်လည်း တော်တာပဲနော်"

"ကိုယ့် ... အခု ကိုယ်လုံးဟာ ဟို ၁၅ နှစ်, ၁၆ နှစ် သားတုန်းကနဲ့ အတူတူပဲကွဲ့၊ အသက် ၁၈ နှစ်၊ ၂၃ နှစ် အကြားတုန်းက ဆိုရင်ဖြင့် ကာယဗလ ကျင့်တာနဲ့ ဘာနဲ့ ဒီအင်္ကျီ တော်မှာ မဟုတ်ဘူး။ အဲဒီတုန်းက ဝတ်လည်း မဝတ်ရက်ခဲ့ဘူး၊ အခုတော့ဖြင့် ဝတ်လို့လည်း ပြန်တော်နေပြီ၊ ဝတ်လည်း ဝတ်ရက်ပြီကွဲ့"

အထွေးသည် ကျွန်တော် အဓိပ္ပာယ်နှင့်ပြောသော စကားကို စိတ်ဝင်စားခြင်း မရှိဘဲ ကျွန်တော် အပေါ်အင်္ကျီ ထပ်ဝတ်လိုက်သည်ကို ကြည့်ရင်း အားရနှစ်သက်စွာနှင့် ...

"အဲ ... အဲ ... အဲဒီ သက္ကလတ်အင်္ကျီ ခိုပြာရောင်နဲ့ ရှပ်အပြာနုနုနဲ့ ဘန်ကောက်လုံချည် မီးခိုးရောင်နဲ့ဝတ်ပြီး ရှူးဖိနပ်အနက် စီးလိုက်ရင် ကိုသော်တာဆွေ့ ဝတ္ထုထဲက ကိုအေးဆွေကို ပေါ်အူးက ဆင်ပေးလိုက်သလို စမတ်ကျသွားတာပေါ့ ကိုသော်တာဆွေရဲ့"

သူပြောသည်မှာ မှန်ပါသည်။ ကိုယ်တစ်ပိုင်းပေါ် မှန်ထဲ၌ ကျွန်တော့် အဝတ်အစားနှင့် ကျွန်တော် အတော်ပနံရ၍ နေပါသည်။

ဩော် ... အထွေး။ သူ့ကိုယ်သာ မဟုတ်၊ လူများကိုယ်ပါ ပြင်ဆင်ပေးတတ်တဲ့ အထွေး။ ဒီလို အဝတ်အစား အရွေးအချယ် ကောင်းတာလို ဒီပြင်ဟာမှာလည်း ... အရွေးကောင်းမယ်ဆိုရင်ဖြင့် အထွေးရဲ့ တစ်သက်တာမှာ ကောင်းမှာပဲကွယ်။

❖

mgyoe.com

mgyoe.com

## အခန်း (၂)

ကျွန်တော် ပုဇွန်တောင် ညောင်တန်းဆိပ်သို့ ရောက်ခဲ့ပါပြီ။

ကျွန်တော်သည် လွန်ခဲ့သော သုံးလလောက်က စ၍ သန်လျင်သို့ တစ်လလျှင် တစ်ခေါက်ကျ မှန်မှန်ကြီး သွားလေ့ရှိသော်လည်း ယခင်အခါ၌မူ ဂျူဒါအီစကယ်ဆိပ်မှ ဘီအိုစီသင်္ဘောနှင့် လိုက်လေ့ရှိပါသည်။

ယခုတွင် ၎င်းသင်္ဘောနှင့် အဆင်မသင့်တော့သဖြင့် ဤညောင်တန်းဆိပ်သို့ ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။ ဤဆိပ်သို့ မရောက်သည်မှာ ကာလအတော် ကြာမြင့်ခဲ့ပြီ။ ယခင်ကဲ့သို့ပင် သင်္ဘောဆိပ်ဆင်းလျှင် ...

"သန်လျင်ကိုလား ဆရာ ... ကျွန်တော်တို့ မော်တော် အခုပဲထွက်မယ်၊ သုံးခွကိုလားဆရာ၊ အခုပဲသွားမယ်" ဟူသော ခေါ်သံများကို ကြားရလိမ့်မည်ဟု အောက်မေ့ခဲ့၏။

သို့သော် ဆိပ်ကြီးပဲလော့်သည်နှင့် လှိုင်းမူးတာကောင်းတယ် ... ရေမွှေးနဲ့ ရှူဆေးဆိုသော ဈေးသည်တို့၏ အသံမှတစ်ပါး အခြား ဘာမှ မကြားရသဖြင့် "သန်လျင်ထွက်မယ့် မော်တော်များ မရှိဘူးလား" ဟု မေးယူရတော့သည်။

"ရှိသားပဲ၊ ဟော ... ဟိုမှာ ခင်ဗျား လက်မှတ်ယူပြီးပြီလား"

ကျွန်တော်မေးသောသူမှာ ကုလားကပြား လူငယ်ကလေးဖြစ်၍

mgyoe.com

mgyoe.com


"ဟော ... လက်မှတ်တွေ ဘာတွေ ယူရသလားကွ၊ ဘယ်မှာ ယူရသလဲ"

"ဟို ... ကမ်းပေါ်က လက်မှတ်ရုံမှာလေ"

သူပြောမှပင် ကျွန်တော် ကမ်းပေါ်တွင် ကုလားသစ်ဆိုင်လို မြင်ခဲ့ရသော ရုံကလေးကို သတိရ၍ ပြန်တက်သွားရပါသည်။

လက်မှတ်ပေါက်၌ အိတ်ထဲ ပိုက်ဆံနှိုက်ရင်း ...

"သန်လျင်ကို ဘယ်လောက်လဲ"

"ပထမတန်းကလား၊ ဒုတိယတန်းကလား"

"ဩော် ... ပထမတန်း၊ ဒုတိယတန်း ရှိတယ်၊ ပထမတန်းက ဘယ်လောက်လဲ ..."

"ပထမတန်းက ငါးမတ်၊ ဒုတိယတန်းက ခြောက်မူး"

ကျွန်တော့်မှာ ခရီးသွားရင်းပင် ဝတ္ထုတစ်ပုဒ် တွေးရန်ရှိသဖြင့် ချောင်ချောင်ချိချိနှင့် သန့်သန့်ပြန့်ပြန့် ထိုင်နိုင်အောင် ပိုက်ဆံငါးမတ် ထုတ်ပေးလိုက်ပါသည်။

ကျွန်တော် လက်မှတ်ယူပြီး ပြန်ဆင်းလာခဲ့သော အခါ၌ သန်လျင် သွားမည်ဆိုသော မော်တော်မှ စက်သံပင် ကြားနေရပြီ။ ထိုမော်တော်မှာ ဘောတံတားနှင့် ကပ်နေသည် မဟုတ်။ မော်တော်တစ်ခု ခြားနေသဖြင့် ကြားမော်တော်ကို ဖြတ်ခဲ့၍၊ ယင်းအပေါ် တက်မည်အပြုတွင် စတင်ရွေ့လျား သွားလေသဖြင့် ကျွန်တော့်မှာ လွယ်အိတ်တစ်ဖက်၊ ထီးတစ်ဖက်နှင့် ခြေလှမ်းပြင်လျက်ကြီး တန်းလန်း ကျန်ခဲ့ပါတော့သည်။

လှမ်း၍ပင် အော်လိုက်မိသေးသည်။ သို့သော် ထိုမော်တော်က လူတွေက ခပ်ပြုံးပြုံး။ ကျွန်တော့်မှာ ခပ်ရှိမ်းရှိမ်းနှင့် နောက်ပြန်အလှည့်တွင် ကျွန်တော် ရောက်ရှိနေသော မော်တော်ပေါ်က လူက ...

"သူတို့မော်တော်ပြီး ကျွန်တော်တို့ မော်တော်ပဲ ခင်ဗျား ... သိပ် မကြာပါဘူး"

"ဩော် ... ခင်ဗျားတို့က အလှည့်နဲ့ကိုး၊ မကြာဘူးဆိုလည်း တစ်နာရီလောက်တော့ ကြာမှာပဲ ထင်ပါရဲ့"

သူ ဘာမှ ပြန်မပြော။

သို့သော် အပြင်ဘက်တွင် မိုးကလေး တဖွဲဖွဲ ကျနေသဖြင့် ...

mgyoe.com

mgyoe.com

ကျွန်တော်သည် ဤအပေါ်၌ပင် ထိုင်နေရန် ဆုံးဖြတ်ချက် ချလိုက်ကာ ...

"ခင်ဗျားတို့ ပထမတန်းဆိုတာက ဘယ်နေရာလဲဗျ"

"ဟော ဟိုဦးပိုင်းမှာ ထိုင်ခုံနဲ့"

ဟုတ်ပါ၏။ ဒုတိယတန်းမှာ မော်တော်ဝမ်းဗိုက်အလယ်တွင် ဘာအခင်းမှ မရှိ။ ရွှံ့စရေစများ စိုစိစိုစွတ်။ ပထမတန်းနေရာမှာသာ သန့်သန့်ပြန့်ပြန့် ထိုင်ခုံနှင့် ဘာနှင့်။ ထိုင်ခုံသုံးခုံမှာ တြိဂံပုံသဏ္ဌာန်။ ကျွန်တော်သည် လှေဝမ်းဗိုက်ကို ကျောခိုင်းသောထိုင်ခုံ၌ ထိုင်၍ ထီးနှင့် လွယ်အိတ်ကို နေရာတကျထားပြီး ခြေဆန့်လက်ဆန့် နေလိုက်ပါသည်။

ခေတ္တမျှအတွင်း၌ ကျွန်တော် လက်မတင်ကလေး လွဲချော်သွားရသော မော်တော်အတွက် စိတ်ထဲ အောင့်သက်သက်နေခြင်းကို ပျောက်ကွယ်သွားစေကာ ဝတ္ထုရေးရန် စိတ်ကူးထုတ်ရပါတော့သည်။

"ကိုသော်တာဆွေ၊ ခင်ဗျား သန်လျင်မှာ ဝတ္ထုတစ်ပုဒ် ပြီးအောင် ရေးခဲ့နော်၊ နောက်လအတွက် ဦးဘဂျမ်းကို စောစောအပ်ရအောင်"

သွားခါနီး ရှုမဝဦးကျော်က မှာလိုက်၍သာ ခေါင်းထဲက အတင်းညှစ်ထုတ်နေရသည်၊ ဘာမှ စီပြီး စဉ်ပြီး စိတ်ကူးပြီးသား မရှိ။ ကျွန်တော် (တာဝန်ကျ) ရေးရမှာက ဟာသဝတ္ထု။ ယခု ပတ်ဝန်းကျင် မြင်ရသည်မှာ ဘာမှ ပျော်ရွှင်စရာ လှောင်စရာ ပြောင်စရာ မရှိ။

တမှိုင်းမှိုင်း ကျနေသော မိုးမှုန်တို့အောက်တွင် ဟိုဟိုဒီဒီသွားလာနေကြသော ကူလီများ၊ သင်္ဘောဆိပ် ဈေးသည်ငယ်များ။ ခပ်လှမ်းလှမ်းကမ်းစပ်တွင် တုံကင်းအဟောင်းကြီးကို ဖာထေးနေကြသော လက်သမားကြီး သုံးလေးယောက်၊ ရေထဲတွင် ပင်ပန်းကြီးစွာ လှော်ခတ်နေကြသော သမ္ဗန်သမားများ။

ဤမျက်မြင်တို့ကို ကြည့်ရှုယူငင် အကွက်ထွင်၍ ရေးရသော် ရယ်စရာကား မဖြစ်။

စာဖတ်သူ စိတ်ညစ်ညူးစေမည့် ဆင်းရဲသားဘဝသရုပ်ပြခေါ် (ပြည်သူ့စာပေဆိုလား) ဝတ္ထုမျိုးသာ ရပေမည်။

ထို့ကြောင့် ဤပတ်ဝန်းကျင်ကို ဥပေက္ခာပြုလိုက်ပြီးနောက် ဟာသဝတ္ထုရရန်အလို့ငှာ လွယ်အိတ်ထဲတွင် အသင့်ပါလာသော အင်္ဂလိပ်လို ရယ်စရာ

mgyoe.com


စာအုပ်တစ်အုပ်ကို ထုတ်ဖတ်လိုက်ပါသည်။ ယင်းစာအုပ်၌ နာရီဝက်ကျော်မျှ အချိန်ဖြုန်းပြီးနောက် အညောင်းဆန့်ရင်း ဟိုဘက်ဒီဘက် လှည့်လိုက်ရာ...

... လားလား မော်တော်ပေါ်တွင် ခရီးသွားများမှာ ကျွန်တော်တစ်ယောက်တည်းသာ မဟုတ်တော့ဘဲ ဒုတိယတန်းဆိုသော မော်တော်ဝမ်း၌ အခြားလူ၊ ကျား,မ ဆယ့်လေးငါးယောက်မျှ ရောက်ရှိနေသည်ကို တွေ့ရပါသည်။

ဟိုယခင် (၁၉၄၆) ခုနှစ်၊ ကျွန်တော် ကသာသို့ ဆန်တွေနှင့် တက်စဉ်က မော်တော်ပေါ်၌ပါလာသော မိန်းမလျာ ခပ်စွာစွာ တစ်ယောက်နှင့် သူ့အရပ် (ရှိမ္ဘကား) ကို ဂုဏ်ယူ၍ ပြောသောစကားများကို ကြားရခြင်းအားဖြင့် "မှန်တာလိမ်" ဝတ္ထုကို ရခဲ့ပေရာ၊ ယခုလည်း သန်လျင်မရောက်ခင် တစ်ကွက်လောက်များ ရလေမလားဟု ... စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း သူတို့ပြောသော စကားကို နားထောင်လိုက်ပါသည်။

သို့သော် ဘာမှ ရယ်စရာ၊ ရွှင်စရာ၊ ပျော်စရာ၊ သရော်စရာ မတွေ့။ ကေအင်ဒီအိုများ ရွာမီးရှို့သွားခြင်း၊ သောင်းကျန်းသူများ သဘောရှိ ပြုမူသွားခြင်းတို့ကိုသာ ကြားရသဖြင့် ကျွန်တော့်မှာ ငိုချင်စိတ်ပင် ပေါက်လာပါတော့သည်။

ဤအချိန်တွင်ကား ခရီးသည်များ တဖြောက်ဖြောက် ရောက်လာကြ၍ လူအတော်ပင် ပြည့်ခဲ့လေပြီ။ ကျွန်တော်၏ သီးသန့်နေရာ၌ကား ကျွန်တော်တစ်ယောက်တည်းသာ ရှိသေး၏။ ယင်းသည့် အကြိုက်ဝယ် မရေရာသော ရန်ကုန်မိုးဥတု၏ ဝါသနာအတိုင်း နေကျဲခနဲ ပွင့်လိုက်ရာ ကျွန်တော့်မှာ အိုက်စပ်စပ်ရှိလာသောကြောင့် အပေါ်အင်္ကျီကို ချွတ်လိုက်ရသည်တွင် ရှပ်အင်္ကျီလက်မောင်း၌ အိမ်တုန်းက အထွေးကို ကျွန်တော်ပြခဲ့သည့် ညိုမည်းမည်း အကွက်ကလေးတွေကို မြင်ရပြန်သဖြင့် ရှေ့ဖြစ်ဟောင်း တွေး၍ ပြုံးလိုက်မိပါသေး၏။

ယခင်ကတော့ မဲ့ခဲ့တာပေါ့။

❖

mgyoe.com

mgyoe.com

## အခန်း (၃)

"အို–ဦးသော်တာဆွေပါလား၊ ဟောဒီမှာလေ ... ကျွန်မသား ဟစ်တစ်လုံး"

မော်တော်ထွက်ရန် စက်သံပေးသည်အထိ ကျွန်တော်၏ သီးသန့်အခန်းမှာ ကျွန်တော်တစ်ယောက်တည်း ရှိနေသေးလျက် အကွက်မပေါ်နိုင်သေးသော ဝတ္ထုအကြောင်းကို သန်လျင်အရောက်တွင် ကောက်ရေးနိုင်အောင် အပြင်း စဉ်းစားနေစဉ်၌ နောက်မှ ကျွန်တော့် အသိမတစ်ယောက်၏ အသံကို ကြားရပြီး သုံးခါလည်ရွယ် သူငယ်လေးတစ်ယောက်နှင့်အတူ ကျွန်တော့် မျက်မှောက်သို့ ရောက်လာပါသည်။

ကျွန်တော်သည် ခြေပစ်လက်ပစ်နှင့် တွေးတော ငေးမောနေရာမှ ကိုယ်နှုတ်အမူအရာကို အသက်သွင်းလိုက်ပြီး ...

"ဩော်–မကြင်မေ ... အဆင်သင့်ပဲဗျို့၊ ခရီးသွား ဆုံတာ" ဟု ပြောရင်း သူ့သားကလေးကို လှမ်းကိုင်လိုက်ကာ "သူလား ကျွန်တော့်ဝတ္ထုထဲက ဟစ်တစ်လုံးလို အငိုသန်တယ်ဆိုတာ"

မကြင်မေမှာ ကျွန်တော့်ဝတ္ထုတွေကို ဖတ်လေ့ရှိသော ကျွန်တော်၏ ကလောင်မိတ်ဆွေတစ်ယောက် ဖြစ်ပါသည်။ တရုတ်သွေးမကင်းသော မကြင်မေသည် သူ၏ ဝါဝါအက်အက်မျက်နှာကို ပါးချိုင့်ကလေး ခွက်

mgyoe.com

mgyoe.com


အောင် ပြုံးလိုက်ကာ ...

"အစစ်ပေါ့ရှင် ... ဒါကြောင့် ဟစ်တစ်လုံးလို့ သူ့ဖေဖေက မှည့်ထားတာ"

*"ဩော် – ဒီမှာ မိအရွှေ၊ ညည်း တွေ့ချင်လှတယ်ဆိုတဲ့ စာရေးဆရာ သော်တာဆွေလေ"*

မကြင်မေသည် သူနှင့်အတူ ပါလာသော မိန်းမဖော်ကို လှည့်၍ နောက်ဆက်တွဲ ပြောလိုက်သဖြင့် ကျွန်တော်ပါ သူ ကြည့်ရာဘက်သို့ လှည့်ကြည့်လိုက်မိသည်တွင် ကျွန်တော့်မှာ ရုတ်တရက် အံ့သြခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ရောထွေးသွား၍ နှလုံးသွေးပင် ဒိတ်ဒိတ်ခုန်ကာ ...

*"ဟင် – အရွှေ ... အရွှေပါလား"*

မကြင်မေမှာ ကျွန်တော့်အမူအရာကို ကြည့်၍ အံ့သြခြင်းဖြစ်သွားကာ သူ့သားကလေး လက်ကိုဆွဲ၍ အခြားခုံ၌ ထိုင်သည့်တိုင်၊ အရွှေသည် မလှုပ်မယှက် ကျွန်တော့်ကို ကြည့်နေသေးသည်ဖြစ်၍ ကျွန်တော်သည် သူ့လက်က ခရီးဆောင် သားရေအိတ်ကို လှမ်းယူလိုက်ပြီး ...

"လာလေ အရွှေ၊ ထိုင် ... ဒီမှာထိုင်" ဟု .. ဆိုရင်း ကျွန်တော့်ကိုယ်ကို တစ်ဖက်သို့ နည်းနည်းရွှေ့ပေးလိုက်မှ အရွှေသည် သူ့လက်ပွေ့အိတ်ကို ပေါင်ပေါ်တင်၍ ကျွန်တော့်လက်ဝဲဘက် နံဘေး၌ ဝင်ထိုင်လိုက်ပါသည်။

"အရွှေတို့ အခု ဘယ်မှာနေကြသလဲ၊ ဘယ်လို နေကြသလဲ"

အရွှေသည် ကျွန်တော့်မျက်နှာကို မရွံ့မရဲကလေး ကြည့်နေရာမှ ပြန်မဖြေရမီ မကြင်မေက ...

"ဩော် – ဦးသော်တာဆွေနဲ့ ဒေါ်အရွှေက အရင်တုန်းကတည်းက သိခဲ့ကြတာကိုး၊ ဒါနဲ့ ... ဦးသော်တာဆွေ ဝတ္ထုဖတ်ပြီး သဘောကျလွန်းလို့တဲ့ ... သော်တာဆွေဆိုတာ ဘယ်သူလဲ မေးနေသေးတယ်"

ကျွန်တော်သည် ခဏကလေးအတွင်း ရုတ်တရက် လှုပ်ရှားသွားရသော နှလုံးသွေး မြန်ခြင်းကို ပြန်မှန်ကန်သွားရအောင် စီးကရက်တစ်လိပ်ကို ထုတ်ညှိလိုက်ပြီး ...

"ဒီမှာ မကြင်မေ၊ သူနဲ့ ကျွန်တော်ဟာ တစ်ယောက်နဲ့တစ်ယောက် သိခဲ့ကြရုံလည်း မကဘူး၊ အခုမှ ကျွန်တော်ရေးတဲ့ဝတ္ထုတွေ သဘောကျတာ

mgyoe.com

mgyoe.com


လည်း မဟုတ်ဘူး၊ ကျွန်တော် စာရေးဆရာ မဖြစ်မီတုန်းကတည်းက ဟိုး နောက် ဆယ်နှစ်ကျော်ကျော်လောက်တုန်းကတည်းက ကျွန်တော်ရေးတဲ့ စာတွေ ကဗျာတွေကို အသည်းစွဲ ကြိုက်ခဲ့တာပေါ့၊ ဟုတ်တယ်မဟုတ်လား အရွှေ"

အရွှေက နှမ်းလျလျကလေး ပြုံးအပြဲ့ မကြင်မေသည် ... ကျွန်တော် ဆိုလိုသည့် စကားအဓိပ္ပာယ်ကို ရိပ်မိဟန်ဖြင့် "သြော် ..." ဟု ဆိုလိုက်ပါသည်။

မော်တော်သည် ဘောတံတားမှ ခွာ၍ မြစ်ဘက်သို့ ဦးလှည့်ကာ ထွက်လေပြီ။ အရွှေသည် ကျွန်တော့်နံဘေး၌ မလှုပ်မယှက်။ မကြင်မေသည် အခြားထိုင်ခုံတွင် သူ့သားကလေးနှင့် သူ ...။

အရွှေ၏ အသက်မှာ ယခု အစိတ်ကျော် သုံးဆယ်တွင် မိန်းမချောတို့၏ အရွယ်ကောင်း၊ လှတုန်း ဝတုန်း၊ ထို့မှုမက သူ၏ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်တုန်းက အရွယ်ကလေးကို ကျွန်တော့်မျက်စိထဲ၌ ပေါ်လာစေလေသည်။

*တရုတ်ကပြားမတို့၏ ဖြူဖြူဝင်းသော အသားရောင်၊ ထွေးထွေးအိအိ မေးစေ့အချွန်းကလေးနှင့်၊ အပေါ်ပိုင်း ဝိုင်း၍ အောက်ပိုင်းချွန်းသော မျက်နှာ၊ စိမ်းညိုပြတ်သားသော မျက်ခုံးမွေး၊ တရုတ်ကပြားတို့ မလွန်ဆန်နိုင်သည့် ထူထူခုံးခုံး မျက်ခွံလုံးကလေးနှင့် မည်းနက်သော မျက်လုံး၊ ပေါ်လွင်ထင်ရှားသော နှာတံ၊ ကဗျာဆန်သည့် နှုတ်ခမ်းအတွန့်ကလေးများ၊ အပျိုဖြစ်စကပင် ကာလသားများ၏ နှုတ်ဖျား၌ ချီးကျူးခြင်းခံရသည့် ကိုယ်လုံးကိုယ်ပေါက်တို့ဖြင့် မိန်းမချော၏ စာရင်းတွင် ထိပ်ဆုံးက ဝင်ခဲ့သော သူကလေးပင်။ ယခုလည်း အလှဒီဂရီ မလျော့၊ အသက်အရွယ်အလျောက် ခံ့ထည်သော အသွင်တစ်မျိုးနှင့် အယဉ်တိုး၍ပင် နေပေသေး၏။*

ကျွန်တော်သည် ရှေးဖြစ်ဟောင်းကို အောက်မေ့လျက်

သူ့မျက်နှာကို အားမလို အားမရ ကြည့်နေရာမှ ...

"အရွှေ အခု လူကြီး ဖြစ်သွားပြီနော်"

သူ ဘာမှ ပြန်မပြောဘဲ ပြုံး၍ပြပါသည်။

သူ့သွားကလေးတွေမှာ ယခင်ကနှင့်မတူ ပုလဲစင်လို ဖြူဖြူဝင်းလို့။

"ဟင် – အရွှေ၊ အခု ကွမ်းမစားတော့ဘူးနော်"

သူသည် ညင်ညင်သာသာ ခေါင်းခါ၍ပင် ပြပါသည်။

mgyoe.com

mgyoe.com


ဆယ့်လေး၊ ဆယ့်ငါး၊ ဆယ့်ခြောက်နှစ် သမီးကမူ ...

အရွှေသည် ... နှစ်ပြားဖိုး သုံးယာရသော ကုလားကွမ်းယာကို တစ်နေ့ တစ်မတ်ဖိုးမျှ စားပါသည်။ ကျွန်တော်သည် သူ့အမူအရာ မျက်နှာပေးကို ရှေးယခင်ကကဲ့သို့ပင် အာရုံခံစားသလို ကြည့်မိရင်း စီးကရက်ကို တစ်ချက် ဖွာထုတ်လိုက်ပြီး ...

"ကိုယ်လည်း အခု စီးကရက်သောက်ရတာ မကောင်းပါဘူးကွယ်၊ ဂိုးဖလိပ်ချင်း အတူတူကို ဟိုတုန်းက ... အရွှေရယ် ရှင်မီးအကျီအိတ်ထဲ ထည့်ပြီးတော့ အိမ်ကလူကြီးတွေမမြင်အောင် ထဘီအထက်ဆင်နဲ့ လုံအောင် ပတ်လာတဲ့ စီးကရက်တွေလောက် အရသာ မရှိတော့ပါဘူးကွယ်"

"ကိုကိုနဲ့ အရွှေနဲ့ ညားရင်လေ ... ကိုကို့ ဂိုးဖလိပ်ဘူးက ဆယ့်လေးပြား၊ အရွှေ့ကွမ်းယာဖိုးက တစ်မတ်နဲ့၊ တစ်နေ့ကိုငါးမူး နှစ်ပြားတင်း ကုန်နေပြီနော် ..."

ဟိုယခင်က ပြောခဲ့ကြသော ကလေးသမီးရည်းစား စကားကို တွေးမိ၍ ကျွန်တော် အစဖော်လိုက်ပါသည်။ သူလည်း သူပြောခဲ့သော စကားကို သတိမရဘဲ နေလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် ရှက်သွေးရောင်ကလေးနှင့် ပြုံးလိုက်ပြန်ပါသည်။

"နို့ - အခု အရွှေတို့ ဘယ်မှာ နေကြသလဲ၊ ဟိုမှာပဲလား"

အစက သူ မဖြေသေးသော စကားကို ပြန်မေးလိုက်ရပါသည်။

အရွှေသည် ခေါင်းယမ်း၍ ...

"ဟင့်အင်း - မဟုတ်တော့ဘူး၊ အခု ရန်ကုန်မှာ ရောက်နေတယ်"

ဆယ့်နှစ်ကျော်မျှ မကြာဘဲ နေခဲ့ရသော သူ့အသံ။

"ဩော် - ဘယ်လောက်ကြာပြီလဲ"

"ဟိုမှာ သူပုန်တွေ မသိမ်းခင်ကတည်းက"

"နို့၊ ကိုကျုံးစိန်က အခု ဒီမှာ ဘာလုပ်သလဲ"

"သူ မရှိတော့ဘူး၊ သူ သေပြီ"

"ဟင် ..."

ထိုစဉ်က ကျွန်တော် ဓားနှင့် ထိုးသတ်ချင်လောက်အောင် အမျက်ကြီး မျက်ခဲ့သော ရန်သူတစ်ယောက် အစပျောက်သွားပြီဟု ကြားရသောအခါ၊

mgyoe.com

mgyoe.com


ယခု ကျွန်တော့်မှာ ဝမ်းသာသည်လည်းမဟုတ်၊ ဝမ်းနည်းသည်လည်း မဆိုသာ၊ အံ့သြတာလည်း မမည်ရယ်၊ အရွှေ့ကို သနားသည်လည်း မမည်ရာဘဲ ရုတ်တရက် ဘာမှန်းမသိအောင် အာမေဋိတ်သံနှင့် ပါးစပ်ဟ၍ မျက်ခုံးမြင့်လိုက်ခြင်း ဖြစ်ပါသည်။ နောက် ဆက်လက်၍ ...

"နို့ – အခု ဘယ်သူနဲ့ နေကြလဲ အရွှေ၊ 'အပ' နဲ့လား"

"အပလည်း မရှိတော့ဘူး"

"ဩော် ..."

ကျွန်တော့်အား သူ့သမီးနှင့် ခွင်း၍ သေမင်းလက်ပင် ပို့ချင်ခဲ့သော မှတော်လိုက်ရသည့် ယောက္ခမကြီး၏အကြောင်းကို ကြားရပြန်ရာ၌ ကျွန်တော့်မှာ ခုနကကဲ့သို့ပင် အဓိပ္ပာယ်မရှိသော အာမေဋိတ်သံနှင့် ပါးစပ်ဟလိုက်မိပြန်ပါသည်။

"နို့ – အခု အရွှေ ရန်ကုန်မှာ ဘယ်သူနဲ့နေသလဲ"

ကျွန်တော် သိချင်လှသော အချက်တစ်ခုနှင့် ထပ်၍ မေးမိပြန်ပါပြီ။

"အရွှေ့ အဒေါ်များနဲ့ပဲ ..."

"ဩော် ..."

ကျွန်တော် သဘောကျသလို ဖြစ်မိပြီး တစ်ဖန်ဆက်၍ ...

"အရွှေ့မှာ သားသမီးကော မရှိဘူးလား"

"တစ်ယောက်မှ အဖတ်မတင်ပါဘူး"

"အဲဒါကောင်းတယ်"

ဟိုက် ... ကျွန်တော် ရုတ်တရက် ဘာရည်ရွယ်ချက်နဲ့များ ပြောလိုက်မိပါလိမ့်။ နောက်မှ သတိရ၍ စကားဖာကာ ...

"ယောကျ်ားမရှိတော့ သားသမီး မကျန်ခဲ့တာ တာဝန်အေးတာပေါ့ကွယ်"

သို့သော် ... ကိုယ် အမှတ်မဲ့ ပြောလိုက်မိသော စကားအတွက် တယ်ပြီး စိတ်မလုံလှပါ။ မကြင်မေမှာမူ တစ်ဖက်ခုံမှ သူ့သားကလေးနှင့်အတူ ကျွန်တော်တို့ကို အကဲခတ်သလို မကြည့်ဟန်နှင့် ဂရုပြု၍နေကြောင်း ကျွန်တော် သိပါသည်။ ခေတ္တ စကားပြတ်နေပြီးမှ ...

"အရွှေ ... မကြင်မေနဲ့ ဘယ်လိုတော်သလဲ"

mgyoe.com

mgyoe.com

"ညီအစ်မ ဝမ်းကွဲလေ"

ဤအချိန်၌ မော်တော်ယာဉ်သည် ပုဇွန်တောင်ချောင်းမှ အထွက်လိုက်မြစ်ထဲသို့ ရောက်ခဲ့၍ ရုတ်တရက် မိုးသက်လေ ကျလာသဖြင့် မော်တော်ပတ်လည်က ရွက်ဖျင်လိပ်များကို ဖြန့်ချလိုက်ရရာ မော်တော်အတွင်းမှ အလင်းရောင် ပျောက်ကွယ်သွားလေ၏။

သီတင်းကျွတ်လဆန်း ၃ ရက်နေ့၊ ၁၀း၀၀ နာရီနှင့် ၁၁း၀၀ နာရီအကြားမို့ ဒီရေက သွက်သွက်ကြီး အကျ၊ လေကလည်း ပင်လယ်ဝဆီမှ ထန်အလာ၊ ဒေါ်ပုံဝသည် လှိုင်းစများနှင့် အစွမ်းပြစ ပြုလေပြီ။ မကြာမီ မကြင်မေသားကလေး ဟစ်တစ်လုံးမှာ "မေမေ မူးတယ်" ဟုဆိုပြီး သူ့မိခင်ရင်ခွင်၌ ဝင်၍အိပ်နေသည်ကို သားအမိနှစ်ယောက်အား ခပ်ဝါးဝါးမြင်ရ၏။

လှိုင်းလေကို မစီးဖူးသော ကုန်းတွင်းသူ အရွှေလည်း ကျွန်တော့်အနားတွင် ဝါးခနဲ တစ်ချက်သမ်းလိုက်၍ မူးဝေဟန်ပေါ်လာသဖြင့် ကျွန်တော်က ...

"အရွှေ – လှိုင်းထလာပြီး မူးလိမ့်မယ်"

"ဟုတ်တယ် – အရွှေ အခုပဲ မူးလာပြီ၊ အပြင်လေ မရှုရဘူး၊ အထဲမှာ မှောင်နေတာပဲ"

"ဒါဖြင့် – အရွှေ ကိုယ့်ပခုံးကို မှီပါလား"

ကျွန်တော်သည် သူ့အနားသို့ ကိုယ်ချင်းကပ်၍ ပေးလိုက်၏။

ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် အသားချင်းထိရန် ရွံ့တွန့်နေရသည့် သူများ မဟုတ်ခဲ့ချေ။ မကြာမီ သူ့ပါးတစ်ခြမ်းသည် ကျွန်တော်၏ လက်ဝဲ ပခုံးပေါ်သို့ ကျလာ၏။

တစ်စစ လှိုင်းလေသည် ပို၍ကြမ်းလာ၏။ ကျွန်တော်တို့ ဦးပိုင်းမှ ပို၍ပို၍ နိမ့်မြင့်ကစား၏။ ကျွန်တော့်ကျောနောက်၌ ပျဉ်ပြားကြီးတစ်ချပ်ခြားနေသော ဒုတိယတန်း မော်တော်ဝမ်းထဲက လူများ အဘယ်သို့ နေကြမည် မသိ။ ကျွန်တော့်မှာမူ မူးနောက်နောက်ပင် ရှိလာပါသည်။

အရွှေသည် ကျွန်တော့်ပခုံးပေါ် မှိန်းနေ၏။ သူ့ညာလက်သည် ကျွန်တော့်ကျောကို သိုင်းဖက်ထား၏။ ကျွန်တော် ပြန်၍ ဖက်မိသည်။

မကြာမြင့်မီ အတော်အတန်ရီဝေ၍ မျက်စိလေးလာသော ကျွန်တော်သည် မကြင်မေကို ဂရုမပြုမိတော့ဘဲ အရွှေအား ကျွန်တော့်ရင်ခွင်ထဲသို့

mgyoe.com

mgyoe.com


ဆွဲသွင်းလိုက်မိလေသည်။

အရွှေသည် မပွင့်သော မျက်လုံးကလေးများနှင့် အလိုက်သင့်ကလေး ပါလာရုံမက သူ့ကိုယ်ကို တစ်ပတ်လှည့်ပြီး ကျွန်တော်နှင့် ရင်ချင်းအပ်၍ ကျွန်တော့် ညာလက်မောင်းပေါ်တွင် ခေါင်းတင်ကာ မှိန်းတော့သည်။

အပြင်ဘက်က မိုးသံသည် ရွက်ဖျဉ်ကို တဖြောင်းဖြောင်းနှင့်၊ အတွင်းမှာ မှောင်၍ ကောင်းတုန်း၊ လှိုင်းလုံးကြီးတို့၏ မြှောက်ပင့်ချက်ဖြင့် မော်တော်သည် မြောက်တက်သွားလိုက်၊ အောက်စိုက်ကျလိုက်နှင့် ကျွန်တော်လည်း ခေါင်းငိုက်ခနဲ ချလိုက်ပြီး အချစ်ဟောင်းကလေး၏ ပါးပြင်ပေါ် နှာခေါင်း တင်လိုက်မိတော့သည်။

အရွှေသည် လက်နှစ်ဖက်နှင့် ကျွန်တော့်ခါးကို နှစ်နှစ်သိမ့်သိမ့်ကြီး ဖက်လျက် ... ကျွန်တော့်နှုတ်ခမ်းကို သူ့နားဝသို့ ကပ်လိုက်ပြီး လေသံမျှ သာဖြင့် ...

"အရွှေ"

"ကိုကို"

ညင်သာလှစွာ ဟို ဆယ်နှစ်ကျော်လောက်က သူ ကျွန်တော့်ကို ခေါ်နေကျအတိုင်း ...

"ကိုကိုနဲ့ အရွှေနဲ့ မတွေ့ရတာ ဆယ်နှစ်ကျော်ပြီနော်"

"ဆယ့်တစ်နှစ်ထဲ ရောက်နေပြီ ကိုကိုရဲ့"

"ဟင် – ကြာလှပြီ"

ကျွန်တော်သည် ပါးချင်းကပ်ပြီး သက်ပြင်းကြီး ချလိုက်မိ၏။

"အရွှေ – ကိုကို့ကို ချစ်သေးရဲ့လား"

"ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး ကိုကို"

"ဟင် – ဒါနဲ့များ ..."

"ဒါတွေ ထပ်မတွေးပါနဲ့တော့ ကိုကို"

"နို့ ... သူ သေတာ ဘယ်လောက်ကြာပြီလဲ"

"ခုနစ်လ ရှိသွားပြီ"

"ဩော် – မုဆိုးမကလေး ..."

ကျွန်တော်သည် သူ့ကိုယ်ကလေးကို ထွေးထွေးကျပ်ကျပ် ဖက်လိုက်ကာ

mgyoe.com

mgyoe.com


လည်ပင်းရောနဖူးပါ အထပ်ထပ် မွှေးလိုက်ပါသည်။ သူလည်း အားမရနိုင်ဘဲ မွတ်သိပ်လှစွာဖြင့် ညာလက်နှင့် ကျွန်တော့်ပခုံးကို ဖေးပြီး ကျွန်တော့်ပါးကို ပြန်၍မွှေးပါသည်။

မကြင်မေ ကျွန်တော်တို့ကိုကြည့်လျှင် ဝါးထွေးထွေးပင် မြင်ရလိမ့်မည်။ သို့သော် နှစ်ပေါင်းများစွာ ခွဲခဲ့ရသော အချစ်ဦး အချစ်ပေှာင်းတို့မှာ ဤအရာလောက်ကို ဂရုမစိုက်နိုင်ပါ။

*တစ်ယောက် တစ်ယောက် သဲသဲမဲမဲကြီး နမ်းလိုက်ကြ၊ နွမ်း၍ လျှာသွားသောအခါ၌ ကျွန်တော်သည် နှစ်ပေါင်းများစွာ ကွေကွင်းခဲ့ရသော ချစ်သူကလေးအား ရှေးယခင်တုန်းကနှင့် မည်သို့များ ခြားနားလေသနည်း ဟူသောသဘောဖြင့် မျက်မမြင်အဘိုးကြီးသည် ယခုမှ တွေ့ရသော သမီး မြေးငယ်ကလေးများကို စမ်းဘိသကဲ့သို့ လက်မောင်းလက်ပြင် မျက်နှာ လည်ပင်းတို့ကို တရွရွ ကိုင်တွယ် စမ်းသပ်မိတော့သည်။*

လက်မောင်းအိုးတို့မှာ ထွေးထွေးအိအိရှိလှသော်လည်း ဟိုတုန်းကလိုဖြင့် တင်းတင်းရင်းရင်း မဟုတ်တော့ပြီ။

လည်ပင်းက အမာရွတ်၊

ညာဘက်ပါးပြင်က အသီးကလေးတစ်ခု၊

ဒါကလေးတွေကတော့ ဟိုတုန်းကအတိုင်းပဲ တင်းတင်းမာမာ ကလေးတွေပါ။ ဒီဒဏ်ချက်ကလေးတွေကိုဖြင့် ကျွန်တော် မေ့နိုင်ပါ့မလား။

အရွှေ့စိတ်ထဲမှာကော သူ မှန်ကြည့်တိုင်း လက်နဲ့ စမ်းမိတိုင်း သတိမရဘဲ ရှိပါ့မလား။ သူက အပလို့ခေါ်ခဲ့တဲ့ သူ့ အတယ်၊ ရက်စက်လှတဲ့ ကစော်ဆိုင်ထောင်ကဲကြီးကလေ သူ့သမီး ကျွန်တော်နှင့် ကြိုက်ရပါမို့လား ဆိုပြီး ...

*"နို – ဒီမက်နာလလို့ ဟိုကောင်က ကြိုက်လာ – စိရဲ့လား"*

ဆိုပြီး ချစ်သမီး မျက်နှာကို ကျာပွတ်နှင့် ရိုက်ဆုံးမတဲ့ ဒဏ်ရာဒဏ်ချက်တွေလေ။

ကျွန်တော်သည် ဟိုယခင်က နှာခေါင်းနှင့် အကြိမ်ကြိမ် အခါခါ အရာရာ၊ အထောင်၊ အသောင်း၊ အသိန်း၊ အသန်း၊ ကုဋေကဋာမက အဖန်ဖန်အပြန်ပြန် မွှေးခဲ့ရသော ပါးပြင်က အသီးလေးကို လက်ခလယ်၊ လက်သူ

mgyoe.com

mgyoe.com

ကြွယ်၊ လက်မဖြင့် ယုယုယယ နှစ်နှစ်သိမ့်သိမ့်ကြီး ပွတ်သပ်မိရင်း

"အရွှေ – ဒီပါးပြင်က အသီးလေးကို တွေးမိရဲ့လား"

"တစ်သက် မေ့နိုင်ပါ့မလား ကိုကိုရယ် ..."

ကျွန်တော်၏ လေသံကိုကား ဤမျှ မိုးလေထန်နေစဉ်၌ မကြင်မေကဂရုစိုက်၍ နားထောင်နေသည့်တိုင် ကြားနိုင်မည် မဟုတ်ပါ။ နှစ်ယောက်သား တွေးနေသည်ကို မြင်ရလိမ့်မည် ဖြစ်ပေမယ့်လည်း နောက်မှ အဖြစ်ကို ရှင်းလင်းသင့်က ရှင်းရပါမည်။ ထို့နောက် ကျွန်တော့်လက်သည် ချစ်သူ နားရွက်သို့ ရောက်သွားကာ ...

"ဟင်–အရွှေ၊ နားတောင်းလည်း မဝတ်ထားပါလား၊ ဘာပြုလို့လဲ"

ဤနားတောင်းကိစ္စကိုကား ကျွန်တော် သူ့သတိရတိုင်း ပထမတွေးရမည်။ အကြောင်းမှာ အရွှေသည် ငယ်စဉ်က နားဖောက်ခဲ့ရသည်မဟုတ်။ ဆယ့်လေးနှစ်သမီး ရှိ၍ ကျွန်တော်နှင့် ရည်းစားဖြစ်ကြမှ မြန်မာယူရင် မြန်မာမလို နားတောင်းဝတ်မှဆိုပြီး ကျွန်တော့်တိုက်တွန်းချက်ဖြင့် ဖောက်ခဲ့သူ ဖြစ်ပါသည်။

အရွှေသည် သူ့နားသူ ပြန်စမ်းရင်း ...

"နားမှာ အနာဖြစ်လို့ ချွတ်ထားရတယ် ကိုကိုရဲ့၊ ဒီလိုပဲ နားက ဘယ်တော့မှ အကင်းမသေပါဘူး၊ ခဏခဏ အနာဖြစ်တတ်တာပဲ"

"အကင်းသေပါ့မလား၊ အရွှေ့ဟာက 'လင်လိုချင်မှ နားထွင်း' ဆိုတဲ့ အတိုင်း ကြီးမှ ဖောက်ရတာကိုးကွဲ့"

အရွှေသည် ကျွန်တော့်ဗိုက်ခေါက်ကို မနာမကျင် ပါးစပ်နှင့် ကိုက်လိုက်ပြီး ...

"ဟင် – ဒါ ဘယ်သူ့ကြောင့် ဖောက်ရတာလဲလို့ ..."

"ဟုတ်ပါတယ် ကိုကို့ကြောင့်ပါပဲ၊ ဒါပေမဲ့ ဒီလင်နဲ့လည်း မရပါလား ကွယ်"

"ဒီနှောင်းဖြစ်တွေ မေ့ပစ်လိုက်ပါတော့ ကိုကိုရယ်"

"မမေ့လို့ကော ဖြစ်ဦးတော့မှာလားကွယ်၊ ဩော် – ဒါထက် အခု အရွှေ့နားမှာ အနာဖြစ်နေတုန်း ကိုကို့လက်မောင်းပေါ် ရောက်နေရတော့ ဟို ... အရင် နားဖောက်စက ကိုကိုနဲ့ အမှတ်သညာ ထားခဲ့တာလေ၊

mgyoe.com

သတိရမှာပေါ့နော်"

"ဒါတော့ ကိုကိုကသာ မေ့နေမှာပါကွယ်"

"မေ့ပါဘူး နှမလေးရယ်"

အရွှေသည် နှစ်သိမ့်လှစွာ ကျွန်တော့်ပါးကို လှမ်း၍ နမ်းလိုက်ပြီး ... "နှမလေးရယ်တဲ့၊ ကိုကို အခု အဲဒီလို ခေါ်နိုင်ပါ့မလားကွယ်၊ ပြောစမ်းပါ၊ အရွှေကတော့ 'ကိုကို ... ကိုကို ... ကိုကို' လို့ ခေါ်နေပါပြီကောကွယ်"

မေးပြီဗျ ... မေးပြီ။

ကျွန်တော့်စိတ်တွင်းမှ ပဒကုသလ အလွမ်းသယ်သလို ညည်းလိုက်မိပါသည်။ သူမေးသောစကားမှာ အဓိပ္ပာယ်ရှိလှသည်။

ကျွန်တော်နားလည်ခဲ့သည်။ သူ နားလည်ခဲ့သည်။

"အရွှေနဲ့ ကိုကိုနဲ့ ညားရင်လေ အရွှေက 'ကိုကို' လို့ခေါ်မယ်၊ ကိုကိုက 'နှမလေး' လို့ခေါ်နော်၊ ဘယ်တော့မှ နာမည် မခေါ်စတမ်း သိလား"

ကျွန်တော်တို့နှစ်ယောက် ကတိသစ္စာ ထားခဲ့ကြပြီးတော့မှ ... ကြဲတိုင်းမအောင် ဆောင်တိုင်းမမြောက်ခဲ့ကြလို့ သူက တစ်ယောက်သော လင်နှင့်ယှူ၊ ယခုမူ မုဆိုးမကလေးဖြစ်၊ ချုပ်ရိုးက မသစ်တော့တဲ့ ...

*ဒိဘီပြန် ခဝါကျရယ်တ*
*အပျို့ရည် တစ်ဖန် နံ့သာသ,ပါလို့*
*ကိုယ်သတိရန် တစ်ခါစပြန်ပေါ့*
*အမယ်လေး ... မင်း ဘာကမှ နားမလည်*
*အပြောခက်လှချေရဲ့*
*ဓောရတက်ကယ် ဖျာပါကြွယ်လို့*
*မညာတွယ် ကြမ္မာက ခွင်းတာဖြင့်လည်း*
*ဟောဒီ တစ်ဘဝ ကင်းအောင်*
*ကွင်းရှောင်လို့ နေပါရစေတော့လားဗျ*
*ဟင်း – အခုတော့မှ တစ်ဖန်*
*အမှုတော် အတန်ကပ်ပုံက*
*အမယ်လေး – အကြံရကျုပ်လိုက်ပါဘိဗျာ ကျပ်လိုက်ပါဘိ*
*အတည်ကျုပ်ပါနော်*

mgyoe.com

mgyoe.com

*ဒီပြဿနာ မော်တော်ပေါ် ရှင်းရမှာက*
*မသင့်လျော် မတော်တဲ့ အခင်းတွေ*
*ပြောလျှင် ယုံကြမှာလားဗျ*
*အမယ်လေး ... ဓောဘဝင် တုန်စရာစကား*
*ခက်ပြီဗျ ခက်ပြီ ...။*

ဘုရားအလောင်း ပဒုကုသလကိစ္စကတော့ ရှင်ဘုရင့် သန်လျက် ယူဝှက်တဲ့ လူကို သိပါရက်နဲ့ အပြောရခက်တာ။ အခု ဘာကောင့်အလောင်းမှန်း မသိတဲ့ ကျွန်တော့်မှာတော့ ကိုယ့်သန်လျက်ကိုယ် ဘယ်ထားရမှန်း မသိသလို ဖြစ်နေတာ။

ဟင် – ကိုယ့်ဟာကိုယ်တော့ ဒီမော်တော်ပေါ်မှာ ဘယ်နည်းနဲ့မှ မရှင်းနိုင်၊ မရှင်းရက်ကဘူး။ သို့သော် စာဖတ်သူ နားလည်အောင်တော့ဖြင့် အရွေ့အမေး စကားကလေး ခဏနံဘေးထားပြီး သူနဲ့ ကျွန်တော်ရဲ့ ပြည်ဖုံးကားကြီးကို ဖွင့်ပြဦးမှပဲ။

အဲဒီ ပြည်ဖုံးကားကြီးကလည်း အထူကြီးဗျ။

ဟိုတုန်းက ၁၉၃၆ ခုနှစ်၊ အခု ၁၉၄၉ ခု ဆိုတော့ ၄၉ ထဲ ၃၆ နုတ် ၁၃၊ အဲဒီ ၁၃ နှစ် ထုကြီးကို အတင်းဖောက်ကန်ပြီး နောက်လှန်လိုက်ဗျာ ...

အလား ... အဲဒီလိုဆိုတော့ ကျွန်တော်က ၁၆ နှစ်၊ ရှင်လူထွက်ပြီးလို့ ဘိုဆံတောက်ကလေး ထားခါစ၊ နဖူးမွေးဗရပျစ်နဲ့ နောက်လှန် ဘိုကေနဲ့ ဘာနဲ့ လူပျိုလုပ်ချင်တော့ အဲဒီ နဖူးမွေးတွေ နုတ်ပစ်လိုက် ရိတ်ပစ်လိုက်ပေါ့ဗျာ။

အရွေကတော့ ဆံရစ်ကလေးနဲ့။

❖

mgyoe.com

mgyoe.com

## အခန်း (၄)

အပျိုတော် ရှုယ်မစေ့ခင်က
ငယ်ဝလှေ့ ဂေါ်ရီ
ဘယ်အလေ့ လောကီကို
ဓာမသိခင်က။
စံပယ်ခက် နှစ်ရုံပင်မှာ
အငုံခင်တုန်းက အစ။ ။
ပန်းဒွါရ ဆင့်စီငယ်
မပွင့်မီ ကာလ။
ကျင့်ဝသီ ဓာဂနဲ့
ခါပထမအရှုယ်။
ငယ်သွားတွေ ကြွေမလဲခင်က
မေ အမြဲချစ်ဖို့ ကြံရွယ်။ ။
ကလေးစိတ်ခေတ်မပြယ်
ခပ်ငယ်ငယ် စာမတတ်ခင်က
ကညာနတ် တောင်းဆုပွေလီ
ကောင်းမှုစေတီ။

mgyoe.com

mgyoe.com

*စိတ်မှန်းနဲ့ မေကျောက်ချီသည်*
*သွေဖောက်ပြီ နိုင်ဘူးဗျာ့လေး။ ။*

*မေတ္တာရေ ဝေပျို့*
*ထွေထွေပို့ မှန်းကာ*
*အရွှေတို့ ကျန်းမာစွာငယ်*
*ချမ်းသာရာ စုံပြည့်။*
*ဝေး၍ာန ရိပ်သာဘုံကို*
*စိတ်အာရုံ စောလိုက်ပါဘိ။ ။*
*နှမလေး တွေ့ချင်ပါတယ်*
*နေ့စဉ်သာ မျှော်ကြည့်။*
*အလွမ်းတွေ ပိုမိုမိလေတော့*
*ကိုကို၏မေတ္တာ။*
*မြစ်ဘယာ ကိုးဆယ့်ခြောက်*
*ညိုးငယ်ပျောက် ကင်းလွတ်စေသာ။ ။*
*စိတ်သွားတိုင်း ကိုယ်ပါကာ*
*လိုရာကို ပြည့်ငြားဖို့*
*ရှိသွားလို့ ဦးထိပ်ပန်ဆင်*
*ဘုန်းမြတ်ရင်ပြင်။*
*ဆုတောင်းလို့ သွန်းရေစင်ငယ်*
*လွမ်းရွှေပင် ပျိုးမိတော့လေး။ ။*

အထက်ပါ တေးထပ်နှစ်ခုအနက် ဒုတိယပိုဒ်မှာ အရွှေနှင့် ကျွန်တော် သမီးရည်းစားမဖြစ်မီ တစ်ယောက်တစ်ယောက် အသိအကျွမ်းဖြစ်ကြ၍ စာပေးစာယူ ပြုကြရာမှ ကျွန်တော်က သွေးတိုးစမ်းလိုက်ခြင်း ဖြစ်ပါသည်။

ပထမအပိုဒ်မှာ ...

ကုန်းဘောင်ခေတ် စာဆိုမယ် လှိုင်ထိပ်ခေါင်တင်၏ ကလောင်ချက် ဖြစ်၍ ၎င်းတေးထပ်၏အဓိပ္ပာယ်ကို ဆယ့်သုံးနှစ်သမီး အရွှေက ကောင်း

mgyoe.com

mgyoe.com


ကောင်း နားလည်လေလား မသိ။

ဖော်ပြပါ ကျွန်တော်၏ တေးထပ်နှင့်စာ သူ့ဆီ ရောက်သွားသောအခါ၌ စာအုပ်ထဲမှ ကူး၍ ရေးပို့လိုက်ခြင်း ဖြစ်ပါသည်။

ဤပြန်စာရပြီးနောက် ကျွန်တော် ရေးပို့လိုက်သောစကား ဟိုနှယ် ဒီနှယ် မသွယ်ဝိုက်တော့ဘဲ တိုက်ရိုက်ရည်းစားစာပင် ဖြစ်သွားပါတော့သည်။ ရင်ထဲ တထိတ်ထိတ်နှင့် မျှော်နေရ၍ သုံးရက်မျှအကြာ သူ့ဆီက ရောက်လာသော စာမှာ *"အချစ်ဆုံး ကိုကို"* ဟု အစချီလျက်၊ ကျွန်တော် ပြန်လိုက်သော စာမှာ *"အသက်နှင့်ထပ်တူ ချစ်တဲ့နှမလေး"*။

ထိုအခါမှစ၍ သူနှင့်ကျွန်တော်သည် တစ်ယောက်တစ်ယောက် "ကိုကို" နှင့် "နှမလေး" ဟုခေါ်ကြသည်။

ထိုစဉ်က ကျွန်တော်တို့နှစ်ယောက်၏ အချစ်မှာ တကယ် ချစ်စရာ ကောင်းပါသည်။ ဘာမှ ပရိယာယ် မာယာတွေ မရှိပါ။

**(Love At First Sight)** ဆိုသည်မှာ ဤအရွယ်သာ မှန်ကန်လှပါသည်။ နည်းနည်းကြီးလျှင်မူ ကြေးထူလာတတ်ကြသည်။ ဟိုနှယ် ဒီနှယ်တွေ များလှ၏။

*သူနှင့်ကျွန်တော် စတွေ့ကြပုံကိုလည်း ကြည့်ပါဦး။*

ကျွန်တော်မှာ မြို့ပိုင်မင်း ရုံးစိုက်သောမြို့နှင့် သုံးမိုင်မျှကွာဝေးသော တောရွာ၌ မွေးဖွား၍ ငယ်စဉ်က အဖေနှင့်အတူ တစ်နှစ်လျှင် တစ်ခေါက် လောက် နှစ်ခေါက်လောက် မြို့သို့ ရောက်ဖူးသော်လည်း ဆယ့်လေးနှစ်သား လောက်တွင် ရွာကျောင်း၌ ခုနစ်တန်းအောင်မြင်ပြီး မြို့ကျောင်းသို့ ပြောင်း နေရမှ ကိုယ့်ဘာသာကိုယ် မြို့သို့ သွားတတ်ရခြင်း ဖြစ်ပါသည်။

ရှစ်တန်းစာမေးပွဲ နီးသောအခါ၌ ကျွန်တော့်အမေက ပြော၏။

"မင်း စာမေးပွဲအောင်ရင် ဟိုအဝေးကြီးက မြို့တစ်မြို့ကို ခေါ်သွားမယ်၊ အဲဒီမှာ တို့ ဆွေမျိုးရှိတယ်၊ သူတို့က ဈေးထဲမှာ ကုန်စုံဆိုင်ကြီးရောင်းတယ်၊ မင်း ငါးကျည်းခြောက်တွေ သဘောရှိ စားရမှာ"

ကျွန်တော့်မှာ အိမ်တွင် ငါးကျည်းခြောက်ကို လစ်တိုင်း ခိုးစားတတ်၍ မိခင်၏ ခဏခဏ အနှံခံရသူ ဖြစ်ပါသည်။ ဤစကားကို ကြားရာ၌ ကျွန်တော်သည် "သည့်ပြင် မြို့တစ်မြို့လည်း ရောက်ဖူးပြီး ငါးကျည်းခြောက်

mgyoe.com

mgyoe.com

ကိုများ အဝစားလိုက်ရရင်ဖြင့်" ဟု အားခဲကာ ပိုမိုကြုံးစားလိုက်ရာ တယ်ပြီး မခဲယဉ်းလှသော စာမေးပွဲကို လွယ်ကူစွာ အောင်မြင်လေ၏။

မိခင်သည် သူ့စကားအတိုင်း ကျွန်တော့်အား ထိုမြို့သို့ ခေါ်သွား၏။ ဟုတ်ပါ၏။ ထိုမြို့က ကျွန်တော်၏ဆွေမျိုးမှာ ကျွန်တော်နှင့် အစ်ကိုဝမ်းကွဲ၊ ဈေးထဲတွင် လက်လီလက်ကား ကုန်စုံဆိုင်ကြီး အကြီးကြီးနှင့်။

ရောက်လျှင်ပင် ကျွန်တော့်မိခင်က "ဒီမှာ ငါ့သားက ငါးကျည်းခြောက်ကို စားချင်လို့ လိုက်လာသတဲ့ကွယ် ..." ဟု မိတ်ဆက်လိုက်လေရာ၊ ကျွန်တော်ငယ်စဉ်က အစားသရမ်းလှသည်ကို သူ မြင်ခဲ့ကတည်းက အမြင်ကတ်နေသလား မသိ။ ငါးကျည်းခြောက်ဖွင့်ပြီးသား တစ်အိတ်နှင့် ချောင်ထဲတွင် ပိတ်ပေးလိုက်ပါသည်။

ကျွန်တော်က လူမမြင် သူမမြင် လက်ကောက်ဝတ်လောက်ကြီးတွေ ချည်း ရွေးရွေး၍ နံလိုက်သည်မှာ ပြောစရာမရှိ၊ ညကျသောအခါ၌ ဗိုက်နာ၍ မအိပ်နိုင်တော့ပါ။ သူတို့အိမ်သားများသည် ကျွန်တော့်ကို ရယ်ကြ၏။

"ငါ့သားက သူကြိုက်တာများ စားရရင် သေအောင်စားမှာကွဲ့"

ကျွန်တော့်မိခင်က ဗိုက်ကို ဆီနှင့် နှိပ်ပေးရင်း ထောမနာပြု၏။

နောက်တစ်နေ့မနက် ပြန်ခါနီး နှုတ်ဆက်ကြသောအခါ၌

ကျွန်တော့်အစ်ကိုက မုန့်ဖိုးငါးကျပ်ပေးပြီး ...

"ငါ့ညီ နောက်လာခဲ့ဦးကွဲ့၊ ငါးကျည်းခြောက်စားရအောင်" ဟု ဖိတ်မန္တကပြု၏။

ဟင်း – မလာတတ်ဘူး အောက်မေ့လို့လားထင်ပါရဲ့။ ဘာနေလိမ့် မတုံး။ ဆယ့်ငါးရက်လောက်အကြာ ဥပုသ်နေ့ ကျောင်းပိတ်တော့ အိမ်က မသိဘဲ လစ်ခဲ့တာပေါ့။ သူတို့ဆီ သွားရတာ ဘာခဲယဉ်းသလဲ၊ မီးရထား တစ်မတ်နဲ့ နှစ်ပြားပေး ရောက်တာ။

ထိုမှစ၍ ကျွန်တော်သည် ခြံခုန်ဖူးသော နွားကဲ့သို့ မိဘက တား၍မရ တော့။ ထိုမြို့သို့ ကျွန်တော် သွားချင်တိုင်း သွားတော့သည်။

ထိုမှစ၍ ကျွန်တော့်အစ်ကိုကလည်း လူဝါးဝခါစ သတ္တဝါကို မြှောက်ပေးလိုသော ဝါသနာရှိသူဖြစ်၍ တစ်ခေါက်လာလျှင် ငွေတစ်ကျပ် တစ်ကျပ် ပေးခြင်းအမှုပြုသည်။

mgyoe.com

mgyoe.com


လေးငါးခေါက်မျှ သွားမိသောအခါ၌ ကျွန်တော့်မှာ အသိမိတ်ဆွေတွေ များလာပြီ။ သူတို့ကား ယောကျ်ားတော့ မဟုတ်။ ကျွန်တော့်အစ်ကို ဆိုင်အနီးက ကုန်သေးသည်နှင့် လက်ဖက်ချင်းသုပ်သည် မိန်းမပျိုများ ဖြစ်ကြသည်။

အသက် ၁၉ နှစ်၊ ၂၀ နှစ်၊ ၂၁ နှစ်တွေ။

ကျွန်တော့်ကို သူတို့ဈေးထဲက ဆိုင်ကြီးရှင်တစ်ယောက်၏ ညီ၊ ချစ်စရာကောင်းသော ချာတိတ်ငယ်အဖြစ်နှင့် ခင်တွယ်ကြပါသည်။ အသက် ၁၅ နှစ်လောက် တောကရောက်ခါစ ဘာမှ လူဝါးမဝသေးတော့ ချစ်စရာပေါ့။

မောင်လေး, မမ၊ မမ, မောင်လေး ...

အသက် ၂၁ နှစ်ရှိ အပျို၊ အလွန် စိတ်သဘောထား သိမ်မွေ့သူ မမေကြည်ကမူ ကျွန်တော့်ကို သည့်ပြင် မိန်းမဖော်တွေထက် ထူးပြီး သားဦးကလေးတဲ့။

ဒါကြောင့် ကျွန်တော်က သူ့ကို မေမေကြည်လို့ ...

အနှီသို့လျှင် မေမေကြည်၊ မမထား၊ မေမေလွင်တို့နှင့် သံယောဇဉ်အမျှင်ဆက်ကြ၍ ခုနစ်ရက်တစ်ပတ်လျှင် တစ်ကြိမ်မျှ အိမ်က ခွင့်ပေးပေး မပေးပေး၊ ပြေး၍သာ လာတတ်တော့သည်တကား။

ဤအကြိမ်များ၌ကား ကျွန်တော်သည် အစ်ကို့ဆိုင်၌ ငါးကျည်းခြောက်စားသည်မဟုတ်တော့ဘဲ၊ သူ့ဆိုင်ရောက်၍ ခေတ္တမျှ နေလိုက်ပြီးနောက် မမ၊ မေမေတို့ ဆိုင်၌သာ အချိန်ကုန်သည်သာ ဖြစ်၏။

ထို့ကြောင့် ကျွန်တော့်အစ်ကိုက ပြောသည်ကား ...

"ငါ့ညီ ... ခုတော့ ငါးကျည်းခြောက် မစားတော့ဘူးဟေ့၊ ငါးပုပ်ခြောက်ဘက် လှည့်သွားပြီ" တဲ့။

ကျွန်တော်က မအူမလည်နှင့် ပြောလိုက်သေး၏။

"အစ်ကိုကြီးကလည်း သူ့ဆိုင် ငါးပုပ်ခြောက် မရှိဘူးဗျ၊ ပုတီးလက်ကောက်နဲ့ ရေမွှေးတွေ ဘာတွေပဲ ရှိတာဗျ၊ ဟောဒီမှာ ကျွန်တော့်တောင် ရေမွှေးတစ်ပုလင်း ပေးထားသေးတယ်"

ငသော်တာမှာ ဆယ့်ငါးနှစ်သားအထိ ဤမျှ အ,ခဲ့ပါသေးရဲ့။

ကျွန်တော်နှင့် သူတို့မှာ မည်မျှ အခင်အမင်ကြီးကြသနည်းဟူမူ သီတင်း

mgyoe.com

mgyoe.com


တစ်ပတ် အဖိတ်နေ့ နေ့ဝက်နှင့် ဥပုသ်နေ့ တစ်နေ့လုံး အတူနေသည့်အပြင်၊ ကျန်ငါးရက်၌ ကျွန်တော် ကျောင်းတက်နေစဉ် စာတစ်စောင်စီ အသွားအပြန် ထည့်ကြသေး၏။

သူတို့ ကျွန်တော့်ကို အထူး သဘောကျသည်မှာ ကျွန်တော်က ကဗျာ ရေးတတ်ခြင်းပင် ဖြစ်ပါသည်။ ထိုအချိန်၌ ကျွန်တော့်မှာ ၉ တန်း၊ ကဗျာ ရေးတတ်ခါစ။ ဝါသနာလည်း ပြင်းလှ၍ (ကဗျာရူးခေါ်တာပေါ့ဗျာ) သူတို့ ဆီ စာတစ်စောင်ရေးလျှင် စကားပြေ သက်သက် မဟုတ်ဘဲ လွမ်းကြောင်း၊ ဆွေးကြောင်း၊ သတိရကြောင်း၊ မိုးရွာကြောင်းများကို ကျွန်တော် တတ်သမျှ ဖွဲ့နွဲ့ထားသော ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ဘောလယ်တို့ဖြင့် ရွှန်းရွှန်းဝေ စေ၏။

*(သူတို့အရွယ် အပျိုမကလေးများသည် အလကားနေလျှင် ... ဤကဲ့သို့ လွမ်းကြောင်း၊ ဆွေးကြောင်း ကဗျာမျိုးကို တီးတိုးဖတ်ရှု ညည်းညူ သီဆိုချင်တတ်ကြ၏။)*

ကျွန်တော့်မှာ ဤအခါတွင် အတန်း၌ ကဗျာနာမည်ရသူ ဖြစ်ပါသည်။

လေးချိုး သို့မဟုတ် တေးထပ်တစ်ပုဒ်ကို ဆရာခိုင်းသောအခါ အကြောင်း အရာအတိုင်း နာရီဝက်အတွင်းပြီး၍ ဆရာက ဆယ့်ငါးမှတ်ပေးလျှင် ဆယ့် လေးမှတ်ရ၏။

ကျောင်းတွင်မက ရွာမှာလည်း 'ကဗျာ့ခေါင်မိုး မောင်ခွေးဆိုး' (ကျွန်တော့် ငယ်နာမည်) ... ဟူသော အမည်နာမည် ရပါသေးသည်။ အကြောင်းမှာ ကျွန်တော်သည် တောရွာ မင်္ဂလာဆောင်၊ ရှင်ပြု၊ ပဋ္ဌင်းခံတို့၌ စေတနာ့ ဝန်ထမ်း ရတုဩဘာစာများ ရေးပေးရုံမက အလကားနေလျှင် သူကြီးအိမ်သို့ သွားကာ နွားမှု၊ လင်မယားကွာရှင်းခြင်း စသည်တို့ကို နားထောင်ပြီး မည်သူ့ နွားခိုးမှု ရတုပိုဒ်စုံ၊ မည်သူနှင့် မည်သူ လင်မယား ပြတ်စဲခြင်း ဩဘာစာ စသည်ဖြင့် ကိုယ်ကြားရသော စကားလုံးများကို ထည့်ရေးလျက် လူတောထဲ ဖတ်ပြပြီး တဝါးဝါး ရယ်ကြခြင်း အရသာကို ခံတတ်၏။

ထို့ကြောင့် ကျွန်တော် 'ကဗျာ့ခေါင်မိုး မောင်ခွေးဆိုး' သည် အိမ်က ညီမ၊ အစ်မများနှင့် မတူ၊ တစ်မျိုးတစ်ဖုံ စိတ်ဝင်စားနေသော မေမေ၊ မမ တို့ထံ စာရေးသောအခါ၌ ကဗျာတစ်စုံ အမြဲတမ်းပါ၏။ ကဗျာတစ်စုံဆို

mgyoe.com

mgyoe.com

သည်မှာ လေးချိုးတစ်ပုဒ်၊ တေးထပ်တစ်ပုဒ်၊ ဘောလယ် လေးငါးပုဒ်နှင့် ဘောလယ် အဖွင့်အပိတ် ဒွေးချိုး၊ သို့မဟုတ် တြိချိုးနှစ်ပုဒ်တို့ ဖြစ်ပါသည်။ ထိုအခါ၌ ဤကဗျာ တစ်စုံမျိုးကို ကျွန်တော့်အဖို့ မခဲယဉ်းပါ။

တစ်ညထိုင်လိုက်လျှင် သန်းခေါင်ကျော်တွင် ပြီးပါသည်။

(ယခုမူ တစ်ပုဒ်ကို တစ်နေ့လုံး စပ်၍မှ မရတော့ပါ။)

ဤကဲ့သို့လျှင် ကျွန်တော်သည် မမ၊ မေမေတို့နှင့် လူသွားလိုက်၊ ကဗျာ ရေးလိုက်၊ စာတွေ ရေးလိုက်နှင့် ကူးလူးဆက်ဆံ၍ နေခဲ့ရာ ငါးလမျှ ကြာ သောအခါ၌ ကျွန်တော်၏ လမ်းစဉ်ပြောင်းဖို့ အကြောင်းဖန်လာတော့သည်။

ထိုနေ့၌ ကျွန်တော် ၎င်းမြို့သို့ ရောက်လာသောအခါ မမထားမှာ နေ မကောင်း၍ ဆိုင်မထွက်နိုင်သဖြင့် ကျွန်တော် သူ့အိမ်သို့ သွားရပါသည်။ မမထားတို့ အိမ်ရှေ့မှာ အရက်ဆိုင် တိုက်အိမ်ကြီး ရှိပါသည်။

မမထား၏ အိပ်ခန်းထဲသို့ ဝင်လိုက်သောအခါ၌ အိပ်ရာထဲတွင် မမထား တစ်ယောက်သာ မဟုတ်ဘဲ ဆယ့်သုံးနှစ်အရွယ် ဆံရစ်သျှောင်ထုံး ကလေးနှင့် ကောင်မလေးတစ်ယောက်၊ ကျွန်တော်ရေးထားသော လေးချိုး တစ်ပုဒ်ကို စာအုပ်တစ်ဖက် လက်မှကိုင်လျက် မတိုးမကျယ် အလွတ်ဆိုနေ သည်ကို တွေ့ရရာ ကျွန်တော့်မှာ ရုတ်တရက် အဘယ်သို့ ဖြစ်သည်ကို မသိ၊ သူ့ကို မြင်လျှင်မြင်ချင်း ရင်ထဲ၌ ဒိတ်ခနဲ ခုန်သွားပါသည်။

ကျွန်တော့် အသက်မှာ ဤအချိန်၌ ဆယ့်ခြောက်နှစ်။

သူကလေးလည်း ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ထိတ်လန့်သော အမူ အရာနှင့် သီချင်းဆိုရပ်သွားကာ မမထားက ကျွန်တော့်နာမည်ကို ဆီးခေါ် လိုက်သောအခါ၌ကား ထိုင်ရာမှ ဆတ်ခနဲထပြီး အခန်းပြင်သို့ ထွက်ပြေးလေ တော့သည်။

"ဟဲ့–မိအရွှေ၊ ဘယ့်နှယ်စာအုပ်ပါ ယူပြေးတုံး၊ ထားခဲ့ပါ၊ ဒီမှာ သူ့ သခင် လာပြီ"

အကြောင်းမှာ သူ့လက်ထဲ၌ အမှတ်တမဲ့ စာအုပ်ပါသွားသည်ဖြစ်၍ မမထားက လှမ်းပြောလိုက်ရာ ကလေးမသည် ရှက်သွေးဖြာသော မျက်နှာ ကလေးနှင့် ပြန်လာပြီး စာအုပ်ကို အခန်းဝမှ ပစ်ပေး၍ ကလေးလို ထွက် ပြေးပြန်တော့သည်။

mgyoe.com

mgyoe.com


"မမထား – သူ ဘယ်သူလဲ"

"အိမ်ရှေ့က အရက်ဆိုင်တရုတ်သူဌေးသမီးလေ ... အရွှေတဲ့"

"ဪ"

"မင်းရေးတဲ့ သီချင်းတွေကို သဘောကျလို့တဲ့၊ သူချည်း အလွတ်ကျက်ပြီး ဆိုနေတာပဲ၊ အသံလည်း ကောင်းတယ်ကွဲ့"

"အင်း – ကျွန်တော် ခု အပြင်ကနေ ကြားသားပဲ"

"အခု ဟောဒီ စာအုပ်လည်း သူ တစ်ဝက်ရနေပြီ"

ဤစာအုပ်မှာ ၁၆ ရွက်ရှိသော ဗလာစာအုပ်ကို ၃၂ မျက်နှာအပြည့် ကဗျာများ ရေးထားသော ကျွန်တော်၏ ကျောင်းသုံးစာအုပ်ဖြစ်၍ ယခင် တစ်ခေါက် လာစဉ်၌ မမထားက ခဏလိုချင်သည် ဆိုသဖြင့် ကျွန်တော် ငှားခဲ့ခြင်း ဖြစ်ပါသည်။

"ဒါဖြင့် သူ အကုန်လုံးရအောင် ကျက်ပါစေလား မမထားရယ်၊ ကျွန်တော် ပြန်မယူသွားသေးပါဘူး၊ ထားခဲ့ပါ့မယ်"

"ဒီလိုဆို မင်းကို သူ သိပ်ကျေးဇူးတင်မှာပေါ့ကွယ်"

ထို့နောက် မမထားနှင့် ကျွန်တော် ပြောကြသော စကားများမှာ အခြား အကြောင်းများ ဖြစ်၏။ သို့သော် ကျွန်တော့်စိတ်အာရုံထဲမှ ဤတရုတ် ကလေးမကလေး၏ ပုံသဏ္ဌာန် မထွက်ပါ။ စင်စစ် သူ့မှာ အပျိုမဖြစ်သေး သော ကလေးမလေးပါပဲ။ သို့သော် ကျွန်တော့်မျက်စိထဲတွင် –

*ဆယ့်သုံးနှစ်ရွယ်*
*ပျိုပျံ့သင်စပေမယ့်*
*မက်မဆုံး ချစ်စဖွယ်*
*ကိုယ်ဟန်အသွင်က ပြပြီပေါ့*
*နဂိုသဏ္ဌာန် ယဉ်လှပါတဲ့*
*ခင့်မျက်နှာငယ်*
*မင့်တွက်တာ ပေပေါ့*
*တစ်ဖက်လူမှာဖြင့်*
*အသက်ရှူမှား ...*

သူ့ကို ကျွန်တော် မြင်လိုက်ရုံနှင့်ပင် စိတ်ထဲက တစ်ပိုင်းတစ်စ လေး

mgyoe.com

mgyoe.com


ချိုးကို ကျော်ကျော်ပေါက်ပေါက် စပ်ဟပ်ရေရွတ်လိုက်မိခြင်း ဖြစ်ပါသည်။

သူကလေးကိုလည်း ကျွန်တော် သတိပြုမိပါသည်။ အိမ်သို့ ပြန်ပြေးပြီး နောက် လုံချည်အသစ် လဲလှယ်ခဲ့ကာ မျက်နှာမှာ ပေါင်ဒါတွေ အဖွေးသား နှင့် ကျွန်တော်မြင်လောက်သော နေရာ၌ လမ်းသလားနေပါသည်။ သူ့ပါးစပ် ကတော့ ကွမ်းတွေစားလို့ပါပဲ။ နို့ပြီး ကျွန်တော့်ကိုလည်း ချောင်း၍ ချောင်း၍ ကြည့်သေးသည်။

(နောက်မှ မမထား အပြော ...)

**(Love At First Sight)** မြင်လျှင်မြင်ချင်း ချစ်သည်ဆိုသည်မှာ ဤ အခါ၌ မှန်ကန်ခဲ့လေသည်။ **(Love is blind)** အချစ်မှာ မျက်စိမရှိသည် ဆိုသည်မှာလည်း ထိုအချိန်တွင် ဟုတ်ခဲ့ပါ၏။

ဤနေရာမှ အတိုဖြတ်၍ ဖော်ပြရသော်၊ ကျွန်တော် အိမ်ပြန်သွားပြီး နောက် မမထား၏စာ ရောက်လာသောအခါ ၎င်းစာအိတ်ထဲ၌ သူ၏ စာတို ကလေး ပါလာ၏။

*ကို ဆွေ*

*အရွှေ့ကို ဟို သီချင်းစာအုပ် ပေးခဲ့လို့ သိပ်ကျေးဇူးတင်တာပဲ။ အရွှေ့ကိုလည်း ညီမလေး လုပ်ပြီး မမထားတို့လို သီချင်းတွေ ရေးပေးပါလား။ အရွှေက စာအုပ်နဲ့ ခဲတံ ဝယ်ပေးမယ်လေ။ အရွှေ့မှာ အစ်ကိုလည်း မရှိဘူး။ တရုတ်မ မိထွေးကြီးနဲ့ နေရ တာ။ နို့ပြီး အပေကလည်း သိပ်ဆူတာပဲ။*

*ကျန်းမာပါစေ*

*အရွှေ*

ကျွန်တော် ...

ဤစာကလေးကိုပင် ရင်ဝယ်ပိုက်ပြီး နမ်းလိုက်မိပါသည်။

ကျွန်တော် အမှန်ဖော်ပြရသော် ဤမှစ၍ မမ၊ မေမေတို့ထံ စာရေး ပေါ့လျော့သွားပြီး သူကလေးထံသို့သာ နှစ်ဆတိုး၍ ရေးမိပါသည်။ ရာဇ ဓာတုကလျာကြောင့် နတ်သျှင်နောင် ကဗျာတွေ ပို၍ ကောင်းလာသည်မှာ အံ့ဩစရာ မဟုတ်ပါ။

mgyoe.com

mgyoe.com

ကျွန်တော်ပင်မှူ ယခင်ကနှင့်မတူအောင် လက်သံတွေ တိုးခဲ့ပါသည်။ အရွေကလည်း သူနှင့် ကျွန်တော် နှစ်ယောက်တွေ့သည့်အခါ ကျွန်တော့် ကဗျာတွေ အလွတ်ကျက်ပြီး အသံကောင်းကောင်းနှင့် ဆိုပြသေး၏။ အလ ကားနေရင်း သူများ နွားခိုးမှုဖြစ်တာ၊ လင်မယားကွာတာကိုပင် လက်ကမြင်း နေသော ကျွန်တော့်လို အကောင်မှာ မိမိချစ်သူအတွက် မည်မျှလောက် ရေးစပ်လိုက်မည်နည်း။ အကယ်၍သာ တိုင်းပြည် ဗရုတ်သုတ်ခ မဖြစ်ဘဲ ကျွန်တော့်ကဗျာ လက်ခံစာအုပ်တွေ ရှိသေး၍ အရွေ့ထံ ရေးသားဖွဲ့နွဲ့ခဲ့သော ကဗျာကို ဖော်ပြလိုက်ရလျှင် ရှုမဝမဂ္ဂဇင်းတစ်အုပ် ဆံ့မည် မဟုတ်ပါ။

*(ကောင်းတာ မကောင်းတာတော့ နံဘေးထားလေဗျာ၊ သူ့နေရာ နဲ့ သူတော့ ဆီလျော်တာပဲ။)*

ဤ၀တ္ထု အချို့နေရာ၌ ဖော်ပြသည်တို့မှာ ကျွန်တော့်နှုတ်ထဲ ကျန်နေ သေးသည်ကလေးများ ဖြစ်ပါသည်။

❖

mgyoe.com

mgyoe.com

## အခန်း (၅)

အချစ်ဆုံး ကိုကိုသို့ ...

နှမလေး စာရေးပြန်လိုက်ပါသည်။ ကိုကိုရယ် ... နှမလေးအတွက် ဒါလောက်လည်း စိတ်ဒုက္ခမရောက်ပါနဲ့။

မမထားတို့ ပြောသလောက် မဟုတ်ပါဘူး။ သူတို့က ဆီးစေ့လောက်ကို ကွမ်းသီးလုံးလောက် ဖြစ်အောင် ပြောကြတာပါ။

အခု ပျောက်သွားပါပြီ။

ကိုကို အခုလို စိတ်မကောင်းဖြစ်မှာစိုးလို့ စာထဲ ထည့်မရေးပါနဲ့လို့ ပြောရက်သားနဲ့ သူတို့ကိုက မနေနိုင်ကြဘူး။

ဟင်း ... ကိုကိုများ မပြောကောင်း မဆိုကောင်း စာမေးပွဲ မအောင်ရင်တော့ – နှမလေးက မမထားကို ဆဲမှာပဲ သိလား။

အခုဖြင့် ဟော့ဒီအိမ်ကြီး ရောက်နေတော့လေ၊ ကိုကိုနဲ့တွေ့လို့ သာကောင်းသေးတယ်။

နောက်ဖေးအိမ်က ပြာတာမိန်းမနဲ့ ပြောထားပြီးပြီ။ ဦးလေးက ဆယ်နာရီထိုးရင် ရုံးသွားတာပဲ၊ အဒေါ်ကအိပ်တယ်၊ အိမ်က အစေခံတွေတော့ ပိုက်ဆံပေးရင် ပြီးတာပဲ။ ကိုကို စာမေးပွဲ ပြီးပြီးချင်း လာခဲ့နော်၊ နှမလေး မျှော်နေမယ် သိလား။

mgyoe.com

mgyoe.com


*လာမယ့်နေ့လည်း ကြိုပြီး စာရေးလိုက်ဦး ... ပြာတာမိန်းမကို စောင့်ခိုင်းထားရအောင်။ တော်ပြီနော် ... ဟောဒီအိမ်မှာက စာရေးရ သိပ်ကျပ်တာပဲ။ အခုတောင် နေ့ခင်း အိပ်ချင်ယောင်ဆောင်ပြီးခြင် ထောင်နောက် ပုန်းရေးရတာ။*
*လာနော် လာနော်။ နှမလေးကို မမုန်းနဲ့နော် ...*

*ကိုကို့အချစ် အရွှေ*

အရွှေလေးနှင့် ကျွန်တော်မှာ တစ်ယောက်နှင့်တစ်ယောက် စာပေးစာယူ ပြုကြ၍ တစ်လမျှ အကြာ၌ ဖော်ပြခဲ့သော တေးထပ်နှစ်ပုဒ်ကို အသွားအပြန် ပေးပြီးကတည်းက သမီးရည်းစားဖြစ်သွားကြကာ စာတွေရေးလိုက်၊ လူချင်း သွားတွေ့လိုက်နှင့် အကြည်ဆိုက်နေကြပါသည်။

လူချင်း တွေ့ဆုံကြသည်ဆိုရာ၌ လူကြီး သမီးရည်းစားတွေလို မဟုတ် ပါ။ မမထားတို့ကလည်း တရုတ်အလုပ်သမား နှစ်ဆယ်ကျော်မျှပိုင်သော သူ့အတယ်ကြီးကို ကြောက်ရ၍ နှစ်ယောက်တည်း ထားမပေးဝံ့ပါ။ မမထား တို့ အိမ်သားများနှင့်ပင် အတူထိုင်ကာ ဟိုအကြောင်း ဒီအကြောင်း ပြောကြ ခြင်း၊ အရွှေက သီချင်းဆိုခြင်း (ယိုးဒယားပတ်ပျိုးတို့ကိုလည်း သူ ဆိုတတ် ပါသည်။) မုန့်အတူ ဝယ်စားကြခြင်းတို့ဖြင့်သာ အချိန်ကုန်ပါသည်။

တစ်ကြိမ်တွင် မမထားက "နင်တို့ချင်း ချစ်ရင် တစ်ယောက်ပါး တစ် ယောက် နမ်းကြစမ်း" ဟု ဆိုသဖြင့် သူ့အိပ်ခန်းထဲတွင် ကျွန်တော်တို့နှစ် ယောက်က နမ်းပြရပါသည်။ ဘာမှ အရသာထူးလှသည် မဟုတ်ပါ။ စင်စစ် ကို ဆိုရသော် သူလည်း အရွယ်မရောက်သေး၊ ကျွန်တော်ကိုယ်တိုင်မှာလည်း ကျွန်တော့်ကိုယ် ကျွန်တော် ဘာမှန်းမသိ။

ရွှေလေးမှာ ... သူ့အပဓါ် အရက်ရောင်းရသော သေတ္တာထဲမှ ပိုက်ဆံ ကို လိုချင်သလောက် နှိုက်ယူနိုင်သည်ဖြစ်၍ ကျွန်တော့်ကို အမြဲတမ်း မုန့်ဖိုး ပေးလေ့ရှိပါသည်။ မယူဘူးဆိုလျှင် သူ့ကို မချစ်လို့ဆိုပြီး ငိုတတ်ပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ သူ့ကို အမူလုပ်ချင်လျှင် သူပေးသော ပိုက်ဆံကို မယူဘဲ နေခြင်းဖြင့်ပင် အရသာ ပေါ်ပါသည်။

ဤသို့ ကူးလူးဆက်ဆံ နေကြ၍ နှစ်လမျှ ကြာသောအခါ၌ သူ့အပက

mgyoe.com